
3. สารคดี : การเดินทางในแถบตะวันออกเฉียงเหนือ ของพม่า



အရှေ့မြောက်တိုင်းတခွင်၊ သိန်းဖေမြင့်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၆၅+ မျက်နှာ၊ ၁၃.၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၇၃၊ အလိမ္မာစာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

## ရေပူစမ်း

**နောက်** တစ်နေ့ ၅–၁၂–၇၂ မှာ နေ့အားဖြစ်သည်။ ဆိုလိုသည်မှာ လားရှိုးသို့ လာရင်းကိစ္စ (စာဆိုတော်နေ့ ဟောပြောရေးကိစ္စ) ကို ဆောင်ရွက်ရန် မလိုသေးသောနေ့ဖြစ်သည်။

"နေ့အား" ဖြစ်သော်လည်း ကျွန်တော်တို့သည် နံနက်ငါးနာရီခွဲတွင် အိပ်ရာမှ ထကြလေသည်။ ရေပူစမ်းသွား ရေချိုးရန်ဖြစ်၏။ ကမ္ဘောဇ ခင်လှိုင်သည် အစောကြီးပင်ရောက်လာပြီး ကျွန်တော်တို့ကို သူ၏ ကိုယ်ပိုင် ဂျစ်ကားအဖြူဖြင့် ခေါ်သွားလေ၏။

နေမထွက်သေးဘဲ နှင်းတွေဆိုင်းနေသဖြင့် အတော်ပင် မှောင်နေသေးသည်။ မော်တော်ကားမီးကို အပြည့်ဖွင့်လျက် နှင်းကြားထဲ တိုးမောင်းရသည်။

ရေပူစမ်းသည် လားရှိုးကြီးမှာ တည်ရှိသည်။ အဘယ့်ကြောင့် လားရှိုးကြီးဟု "ကြီး" တပ်ကာ ခေါ်သည်မသိပါ။ လားရှိုးမြို့မထက် များစွာ ငယ်ပါသည်။ လားရှိုးမှာ ရှမ်းနာမည်ဖြစ်သည်ဟု သိရသော်လည်း အဓိပ္ပာယ် ကိုပြောနိုင်သော လားရှိုးသားတစ်ယောက်ယောက်ကိုမျှ မတွေ့ခဲ့ရချေ။ လားရှိုးကြီးသည် လားရှိုးနှင့် အတန်ငယ်ဝေး၏။

လားရှိုးကြီး စပြီးစည်ကားခဲ့သည်မှာ ၁၉၃၇–၃၈ လောက်က ဖြစ်လေသည်။ တရုတ်ပြည်ကို ဂျပန်တို့က အိမ်ရှေ့မှ ပိတ်ဆို့ထားစဉ် နောက်ဖေးမှ အပေါက်ဖွင့်ပေးရသည့်အနေနှင့် တရုတ်–မြန်မာ လမ်းမကြီး

(ဝါ) ယူနန်-မြန်မာ လမ်းမကြီးကို ဖောက်ခဲ့ရသည်။ တရုတ်ပြည်သို့ အင်္ဂလိပ်နှင့် အမေရိကန်တို့က ထိုလမ်းဖြင့် လက်နက်ခဲယမ်းနှင့် အခြားသော ကုန်ပစ္စည်းများ ပို့ခဲ့လေသည်။

၁၉၃၉ ခုနှစ်က ကျွန်တော် လားရှိုးသို့ လာခဲ့ခြင်းတွင် ရည်ရွယ်ချက် တစ်ခုမှာ တရုတ်-မြန်မာလမ်းမကြီး၏ အစပိုင်းကိုကြည့်ရန် ဖြစ်လေသည်။ ထိုအချိန်တုန်းကလည်း ရေပူစမ်းကို ရောက်ခဲ့ပါ၏။ သို့သော် ထိုစဉ်က ရေပူစမ်းကား ဖွံ့ဖြိုးပြုပြင်မှုမရှိသော ရေပူစမ်း ဖြစ်ခဲ့လေသည်။ ယခုမူ လားရှိုးမြို့ပေါ်မှ မြို့မျက်နှာဖုံးလူကြီးများသည် ကော်မတီတစ်ခုဖွဲ့ပြီး ရေပူစမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ထားလေသည်။

လားရှိုး-သိန္နီလမ်းမှ ညာဘက်သို့ ကွေ့လိုက်လျှင်ပင် ဂိတ်ကို တွေ့ရသည်။ ဖွံ့ဖြိုးရေးကော်မတီကထားသော ဂိတ်ဖြစ်၏။ မော်တော်ကားတစ်စီး မည်ရွေ့မည်မျှ၊ လူတစ်ယောက် မည်ရွေ့မည်မျှ ဝင်ကြေးပေးရမည်ဟု သတ်မှတ်ထားလေသည်။ ဆရာဝန် ကမ္ဘောဇခင်လှိုင်မှာ ကော်မတီလူကြီး တစ်ယောက်ဖြစ်သဖြင့် ဝင်ကြေးမပေးခဲ့ရသဖြင့် ဝင်ကြေးမှာ မည်ရွေ့မည်မျှ ဖြစ်သည်ကို ကျွန်တော် မသိခဲ့ပါ။ သို့သော် ဝင်ကြေးကောက်ခြင်းသည် လိုလားအပ်သည်။ ထိုဝင်ကြေးဖြင့် ပိုမိုဖွံ့ဖြိုးအောင် မွမ်းမံပြင်ဆင်နိုင်မည် မဟုတ်ပါလော။

ဂိတ်မှအတွင်းသို့ တစ်မိုင်လောက်သွားပြီး နောက်မှ ရေပူစမ်းသို့ ရောက်လေသည်။

ရေပူစမ်း၏အထက် ကုန်းမြင့်ကလေးပေါ်တွင် စားသောက်ဆိုင်များ ရှိသည်။ ထိုစားသောက်ဆိုင်များအနီးတွင် ကားရပ်ရသည်။ တက္ကစီဆလွန်း ကားကြီးနှစ်စီးနှင့် အခြားကားတစ်စီး ကျွန်တော်တို့အရင် ရောက်နေသဖြင့် အံ့သြမိသည်။ နံနက်စောလှသေးသဖြင့် ဈေးဆိုင်အချို့ပင် အိပ်နေဆဲရှိ၏။ နိုးသောဆိုင်အချို့မှာလည်း မီးမွှေးဆဲဖြစ်သည်။

နံနက်ခင်း ဆည်းဆာရောင်တွင် ကျွန်တော်တို့သည် ရေပူစမ်းသို့ ဆင်းကြသည်။ ဤနေရာမှာကား နှင်းတွေ၊ မြူတွေ ဆိုင်းနေခြင်းမဟုတ်ဘဲ ရေနွေးငွေ့တွေ ဆိုင်းနေသဖြင့် ရှေ့တစ်ကိုက်၊ နှစ်ကိုက်လောက်သာ မြင်ရသည်။

ရေပူစမ်းကို နှစ်ပိုင်းခွဲခြားထားသည်။ စမ်းပေါက်ဝများကို နှစ်ခုခွဲကာ ကန်နှစ်ကန်လုပ်ထားခြင်း ဖြစ်၏။ ညာဘက်ရှိ ကန်မှာ ရေပူလွန်းသဖြင့် ဆင်းချိုး၍မရ။ ပိုက်နှင့်သွယ်ယူကာ ရေအေးနှင့်စပ်ချိုးရန် ရေချိုးခန်းများ လုပ်ထားလေသည်။

လက်ဝဲဘက်မှကန်တွင်မူ ဆင်းချိုးနိုင်သည်။ ကန်ပေါင်ကို အုတ်စီ၊ ကွန်ကရစ်ကိုင်ထားပြီး ကန်ကြမ်းပြင်တွင် သစ်သားပြားကြီးများ ခင်းထား၏။ ရေက ရင်ခေါင်းအထိ အပြည့်ရှိ၏။ ကန်နှစ်ကန်မှ စီးဆင်းသော ရေများကို တစ်ခုတည်းသော ရေလွှဲပေါက်ဖြင့် ရေလွှဲပေးထားရာ ရေတံခွန် ကလေးတစ်ခုသဖွယ် ဖြစ်နေလေသည်။ ရေဆင်းသံတဝုန်းဝုန်းလည်း အော် မြည်နေ၏။ ဤရေပူချောင်းသည် အောက်သို့ ဆင်းသွားသောအခါ တဖြည်း ဖြည်း အေးသွားပြီး နမ္မတူချောင်းနှင့် ပေါင်းလေ၏။ နမ္မတူချောင်းကား ဒုဋ္ဌဝတီမြစ်သို့ ဝင်လေသည်။

ကျွန်တော်တို့သည် ဆင်းချိုးနိုင်သော လက်ဝဲဘက်ကန်ကို ရွေးချယ် ကြလေသည်။ လူအချို့ ထိုကန်ထဲမှာ ရေချိုးနေကြလေပြီ။ အဝတ်လဲစရာ အခန်းဟူ၍ကား မရှိ။ ကမ်းနဖူးတစ်နေရာမှာ အဝတ်များကိုချွတ်ပြီး ကိုယ့် အစုနှင့်ကိုယ် ပုံကြရ၏။ ကျွန်တော်တို့မှာ ချမ်းလှသဖြင့် အင်္ကျီအထပ်ထပ်၊ ဘောင်းဘီအထပ်ထပ် ဝတ်ထားလေရာ တစ်ထပ်ပြီးတစ်ထပ် ချွတ်ကြရ လေသည်။

ရေပူစမ်းတစ်ဝိုက် ရာသီဥတုမှာ နွေးနေ၏။ ရေထဲဆင်းသောအခါ အတော်ပူကြောင်း တွေ့ရသည်။ ကမ္ဘောဇခင်လှိုင်နှင့် ဖိုးကျော်မြင့်တို့သည် ရေပူကို စမ်းကာစမ်းကာ တစ်လက်မချင်း ဆင်းကြ၏။ ကျွန်တော်နှင့် ထွန်းဝေတို့ကား တစ်ချက်နှစ်ချက် စမ်းပြီး ဖြုန်းခနဲ ဆင်းချလိုက်ကြ၏။ ချက်ချင်းလက်ငင်းတော့ မသက်သာလှချေ။ ခဏကြာတော့ သက်သာသွား လေသည်။ နောက်တစ်ခဏကြာတော့ ဇိမ်ရှိနေပေပြီ။

ရေမှာ ရင်ခေါင်းအထိနက်သဖြင့် ကူးလိုက ကူးနိုင်၏။ ကောင်းစွာ ပြုပြင်ထားသောအပိုင်းမှာ သိပ်မကျယ်လှသော်လည်း ပေနှစ်ဆယ် အစိတ် ထိတော့ ကူးနိုင်သည်။ ကျွန်တော့်မှာ ဆံပင်ရေစိုမည်စိုးသောကြောင့် ထိန်းထိန်းသိမ်းသိမ်းသာ ကူးခဲ့ရလေသည်။

ရေကန်ထဲမှာ ရေချိုးနေကြသော လူအရေအတွက်သည် ရောက်နေသောကားများတွင် ပါလာနိုင်သည့် အရေအတွက်ထက် များလေသည်။ အချို့မှာ အစောကြီးထ လမ်းလျှောက်လာခဲ့ကြခြင်းကြောင့် ဖြစ်၏။ ရေနွေးငွေ့တွေဆိုင်းနေသဖြင့် ရေချိုးနေသူများ၏ အမျိုးအစားကိုလည်းကောင်း၊ အမျိုးအမည်ကိုလည်းကောင်း ခွဲခြားရန် မလွယ်ကူပါ။ ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီးဟုသာ ခွဲခြားနိုင်ပါ၏။ သူတို့ထဲတွင် မဆင်မခြင် ပြုမူသူ အချို့ ပါလာသည်။ ရေထဲတွင် ပလုတ်ကျင်းပြီး တံတွေးထွေးသူများနှင့် အဝတ်လျှော်သူများ ဖြစ်လေသည်။ ငပလီကမ်းခြေ ငွေသောင်ယံပေါ်တွင် ကျင်ကြီးစွန့်ထားသည်ကို တွေ့ရသလို ရေပူစမ်းကမ်းနဖူးမှာ ကျင်ကြီးမတွေ့ရသဖြင့်သာ တော်သေးသည်ဟု အောက်မေ့ရ၏။

ရေကန်မှအထွက်တွင် ထိုထိုသော သန့်ရှင်းရေးကိစ္စများကို ဆွေးနွေးကြသောအခါ ကမ္ဘာဇခင်လှိုင်က အစောင့်ပိုမိုချထားပြီး ကြပ်မတ်ရန်၊ စာတန်းဆွဲပြီး သတိပေးရန်နှင့် အဝတ်လျှော်ဖို့နေရာ သီးသန့်လုပ်ပေးထားရန် စီစဉ်မည်ဟု ပြောပါသည်။

ရေပူစမ်းတွင် စိတ်ရှိသလောက် ကြာကြာ ရေမချိုးနိုင်ကြချေ။ ကြာလျှင် မောလာသည်။ ဘာကြောင့် ဤသို့ဖြစ်ရသည်ကို ဒေါက်တာခင်လှိုင်က သိပ္ပံနည်းကျ ရှင်းပြပါ၏။ ရေပူစမ်းမှာရေချိုးပြီး သွေးတိုင်းကြည့်မည်ဆိုလျှင် သွေးတိုးနှုန်းကျနေသည်ကို တွေ့ရမည်ဖြစ်၏။ သို့သော် ခဏကြာတော့ စားလိုက်သောက်လိုက်လုပ်ပြီးလျှင် သွေးတိုးနှုန်း ပုံမှန်ပြန်ဖြစ်လာမည်ဆို၏။

ကမ္ဘာမှာ ဤမျှ ရေလုံးကြီးသော ရေပူစမ်းများ ရှားပါးလှသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ သည့်ထက် ပိုလုပ်နိုင်လျှင် ကမ္ဘာကျော်ရေပူစမ်း ဖြစ်မည်မှာ မလွဲချေ။

ယခုမူ 'အဖြစ်သာ' ဖွံ့ဖြိုးရေးလုပ်ထားရခြင်းဖြစ်၏။ ရှိရင်းစွဲ သစ်ပင်၊ ဝါးပင်များမှတစ်ပါး ဘာပင်မျှ မစိုက်နိုင်သေး။ ပန်းပင်စိုက်ပျိုးဖို့ကား ဝေးသေး၏။ ဈေးဆိုင်များလည်း သူတို့ဘာသာထိုးထားသော ဝါးသက်ငယ်တဲများ ဖြစ်ကြကုန်၏။

တရုတ်ဆိုင်တစ်ဆိုင်ဝင်ပြီး ဆန်ခေါက်ဆွဲစားကြသည်။ ဝက်သားကို

ရှောင်လိုသဖြင့် ကျွန်တော့်အတွက် ကြက်သားနှင့်လုပ်ပေးပါဟု ဆိုခဲ့ရာ လုပ်ပေးရှာပါ၏။ သို့သော် တို့ဟူးကော်ရည်ဆမ်းသော ဆန်ခေါက်ဆွဲထဲတွင် ကြက်သားကြော်ကို ဖွဲ့၍ထည့်ထားခြင်းသာဖြစ်သဖြင့် စားမကောင်းပါ။

အစားအသောက်ဆိုင်များသာရှိသော ဈေးတန်းကလေးသည် ညစ်ပတ်လှလေသည်။ လိမ္မော်သီးခွံ၊ သစ်ကြားသီးခွံ စသော အမှိုက်သရိုက်များကို ရှင်းလင်းမထားကြချေ။

ရေပူစမ်းမှ ကျွန်တော်တို့ ပြန်လာကြသောအခါမှာလည်း ဆီးနှင်းက ဆိုင်းနေဆဲဖြစ်၏။ နေရောင်ခြည်သည် ဆီးနှင်းထုကို ထိုးဖောက်ရန် ကြိုးပမ်းနေလေသည်။ လမ်းတွင် အကျဉ်းထောင်သစ်၊ အဆောက်အအုံကြီးတစ်ခုကို တွေ့မြင်ရသည်။ ရဲတိုက်ကြီးနှင့်တူ၏။ အဆောက်အအုံမှာ လုံးဝပြီးစီးနေသော်လည်း အကျဉ်းထောင်ဌာနသို့ မလွှဲအပ်ရသေးဟု ဆို၏။ မြန်မာပြည်အရပ်ရပ်သို့ ကျွန်တော် ရောက်နေပေရာ အကျဉ်းထောင်အဆောက်အအုံသစ်ဟူ၍ ဤတစ်ကြိမ်သာ တွေ့မြင်ရဖူး၏။

ထို့နောက် ကုန်းမြင့်မြင့်တစ်နေရာတွင် ကျယ်ဝန်းပြန့်ပြူးသော ကွင်းကြီးတစ်ခုကို တွေ့ရ၏။ တိုင်းဆေးရုံဆောက်ရန် နေရာဟူသော ဆိုင်းဘုတ်တင်ထားသည်။ သို့သော် မြို့နှင့် ဝေးလွန်းသဖြင့်လည်းကောင်း၊ အနည်းဆုံး သိန်းလေးငါးဆယ် ကုန်ကျမည်ဖြစ်သဖြင့်လည်းကောင်း မဆောက်သေးဘဲထားရန် ဆုံးဖြတ်ထားသည်ဟု သိရ၏။